စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် (SAS)နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများ ကျင်းပမှုအား ရပ်ဆိုင်းခြင်း

၁။ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၂)မှ စီမံခန့်ခွဲလျက်ရှိသော အခွန်ထမ်းများအား ၁-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ အခွန်ထမ်းကိုယ်တိုင်စည်းကြပ်သည့်စနစ် (SAS)သို့ မိတ်ဆက်ကျင့်သုံးနိုင်ရေးအတွက် SAS စနစ်နှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲများအား ၃-၃-၂၀၂၀ ရက်နေ့မှ ၂၀-၃-၂၀၂၀ ရက်နေ့အထိ စီစဉ်ကျင်းပရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကူးစက်မြန်ရောဂါဖြစ်သည့် Coronavirus Disease (COVID-19)နှင့်စပ်လျဉ်း၍ လတ်တလော အခြေအနေအရ လူစုလူဝေးဖြင့် ဆောင်ရွက်ရသည့် အစည်းအဝေးပွဲများ ကျင်းပရန် သင့်တော်ခြင်း မရှိပါသဖြင့် အခွန်ထမ်းပြည်သူများ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရန် SAS စနစ်နှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများအား ၁၂-၃-၂၀၂၀ ရက်နေ့မှစတင်၍ ရပ်ဆိုင်းသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ သို့ရာတွင် SAS စနစ်နှင့် စပ်လျဉ်းသည့် ဆွေးနွေးချက် VIDEO File များအား အခွန်ထမ်းပြည်သူများ လေ့လာနိုင်ရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm တွင် လွှင့်တင်ပေးသွားမည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းများအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်ပုံစံနှင့် သတင်းအချက်အလက်တောင်းခံလွှာပုံစံအား ပြည့်စုံစွာဖြည့်စွက်၍ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)သို့ ဧပြီလ (၃)ရက်နေ့ထက် နောက်မကျစေဘဲ ပေးပို့ကြရေးကိုလည်း အသိပေး နှိုးဆော်အပ်ပါသည်။

၅။ SAS စနစ်နှင့်ပတ်သက်၍ သိရှိလိုသည်များနှင့် အဝိုဒ် (၄)ပါ ပုံစံများကို ဖြည့်စွက်ရာတွင် မရှင်းလင်းသည့်အချက်များရှိပါက အခွန်ထမ်းရေးရာဌာနစု၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂) ဖုန်းနံပါတ် ၀၁-၆၅၇၅၈၈ သို့လည်းကောင်း၊ ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာပြုပြင်ပြောင်းလဲရေးဌာနခွဲ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၃၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်းနှင့် လူကြီးမင်းတို့၏နားလည်ပေးမှု ပူးပေါင်းဆောင်ရွက်မှုကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ပုံ (မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန